ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပေါင်းလကွယ်၊ တနင်္ဂနွေနေ့ (3-4-2011) (၆၇၂၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ

မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် မန္တလေးမြို့သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ၊ မန္တလေးမြို့ တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Tang Ying နှင့် တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညနေပိုင်းတွင် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်ဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

သတင်းအညွှန်း

ဂျပန်နိုင်ငံ၌ ဆူနာမီရေလှိုင်း ရိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသော နျူကလီးယားဓာတ်အားပေးစက်ရုံမှနေ၍ ရေဒီယိုသတ္တိကြွနေသောရေများ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စီးဝင်လာနေ။

သတင်း၊ စာမျက်နှာ-၅

ဝက်စ်ဟမ်းနှင့်ပွဲတွင် ဟက်ထရစ်ဂိုးသွင်းခဲ့သည့် ဝိန်းရွန်နေး။

သတင်း၊ စာမျက်နှာ-၉



ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ ပူးပေါင်း၍ နျူကလီးယားအရံအတားစနစ်တစ်ရပ်ကို အဆင့်မြှင့်တင်တည်ဆောက်ရန် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက တိုက်တွန်းပြောကြား။

သတင်း၊ စာမျက်နှာ-၅

အိမ်ကွင်းမှာခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရခဲ့သည့် ကမ္ဘောဇ F.C

တောင်ကြီး ဧပြီ ၂

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၅)ကို ယနေ့ ညနေပိုင်းက တောင်ကြီးမြို့ရှိ KBZ ကွင်း၊ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ပြန်လည်ကျင်းပရာ ကမ္ဘောဇနှင့် ဇေယျာရွှေမြေတို့ နိုင်ပွဲရသွားပြီး ဉဿာယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ သရေကျသွားသည်။

KBZ ကွင်း

ကမ္ဘောဇ - သုံးဂိုး

(စိုးမင်းဦး-နှစ်ဂိုး၊ ခိုင်ဇော်ထွန်း)

ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

နောက်ဆုံးပွဲစဉ်တွင် ဇေယျာရွှေမြေအသင်းကို အဝေးကွင်း၌ ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ကမ္ဘောဇအသင်းမှာ အိမ်ကွင်းတွင် ခြေစွမ်းပြပြီး နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ယူနိုင်ခဲ့သည်။ ပြိုင်ပွဲအစက ကစားသမားအပြောင်းအလဲများစွာ **စာမျက်နှာ ၅ ကော်လံ ၄ သို့** ○

၃-၄-၂၀၁၁
(တနင်္ဂနွေနေ့)

သစ်တော၊ သစ်ပင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုများ ပြောင်းလဲလာလျက်ရှိသည်။ နေရာဒေသအနှံ့အပြားတွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီး ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ခြင်းများ ဖြစ်ပေါ်နေသည်။ အပူလှိုင်းကျရောက်ခြင်း၊ ရေခဲပြင်များ အရည်ပျော်ခြင်း စသည့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများကို တွေ့မြင်ကြားသိနေရသည်။ ပညာရှင်များ၏ သုံးသပ်ချက်အရ ကမ္ဘာကြီးပူနွေးလာမှု၏ ၉၀ ရာခိုင်နှုန်းသည် လူသားတို့၏ လုပ်ရပ်များပေါ်တွင် အခြေခံကြောင်း သိရသည်။

သက်ရှိအားလုံး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရန်လိုအပ်သည်။ သစ်ပင်၊ ဝါးပင်၊ သစ်တောများ ပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန် ပျက်ယွင်းမှု ဖြစ်ပေါ်လာနိုင်သဖြင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် သစ်တော၊ သစ်ပင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းနေကြပြီဖြစ်သည်။

မတ် ၃၀ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းမြွက်ကြားရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ **“သစ်တော၊ သစ်ပင် ထိန်းသိမ်းရေးကို အလေးထားမှာဖြစ်သလို လေထုညစ်ညမ်းမှုနဲ့ ရေထုညစ်ညမ်းမှုများ လျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလိုအပ်ချက်ကို ဟန်ချက်ညီညီနဲ့ ထိန်းညှိဆောင်ရွက်ပေးမယ့် မူဝါဒတစ်ရပ်ကို ချမှတ်သွားမှာဖြစ်ပါတယ်”**ဟူ၍ ပြောကြားသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် အစဉ်အလာများ ရှေးကာလများစွာကပင် ရှိခဲ့သည်။ ရေ မြေ သစ်တော သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းလျက်ရှိသည်။ ကြိုးဝိုင်းတောများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ ထိန်းသိမ်းနေသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ဒေသအလိုက် ရေဝေရေလဲသစ်တောများ၊ သဘာဝနယ်မြေများ၊ ကျွန်းအထူးစိုက်ခင်းများ ထူထောင်လျက်ရှိရာ အောင်မြင်မှုများရရှိနေသည်။

သဘာဝသယံဇာတများ မဆင်မခြင် ထုတ်ယူသုံးစွဲခြင်း၊ ကုန်ထုတ်လုပ်ငန်းများမှ အမှိုက်သရိုက်၊ အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းအမျိုးမျိုးတို့ကြောင့် မြေပြင်ညစ်ညမ်းမှု၊ ရေညစ်ညမ်းမှုတို့ ဖြစ်ပေါ်စေသည်။ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ယာဉ်ယန္တရားများမှ ထွက်ရှိသော မီးခိုးများ၊ ဓာတ်ငွေ့များ၊ ပြာများ၊ မကောင်းသော အနံ့အငွေ့အသက်များကြောင့်လည်း လေထုကိုညစ်ညမ်းစေသည်ကို သတိပြုကြရပေမည်။

သစ်တော၊ သစ်ပင်များသည် ရာသီဥတုကို ညီညွတ်မျှတစေသည်ဖြစ်ရာ သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များ တည်ငြိမ်ရေး အလေးထားဆောင်ရွက်ကြရပေမည်။ ထို့အတူ လေထု၊ ရေထုညစ်ညမ်းမှု လျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

အာဆီယံ ဘောဂဗေဒနှင့် စီးပွားရေးကျောင်းသားများ တွေ့ဆုံပွဲတက်ရောက်

နေပြည်တော် ဧပြီ ၂

မတ် ၂ ရက်မှ ၆ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် အာဆီယံဘောဂဗေဒနှင့်စီးပွားရေးကျောင်းသားများ တွေ့ဆုံပွဲ (၂၀၁၁) အီးဘီအက်(စ်) ဆမ်းမစ်သို့ PS Business School ၌ ပညာသင်ကြားနေသော ကျောင်းသား၊ကျောင်းသူ ခြောက်ဦးတက်ရောက်ခဲ့သည်။

ထို့အတူ စင်ကာပူနိုင်ငံ၌ ကျင်းပသော နိုင်ငံတကာ ဈေးကွက်အစီအစဉ် ရေးဆွဲယှဉ်ပြိုင်ပွဲ အိုင်အမ်စီ (၂၀၀၉)နှင့် အိုင်အမ်စီ(၂၀၁၀)တို့တွင်လည်း PS Business School က နှစ်နှစ်ဆက်တိုက် နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

စင်ကာပူနိုင်ငံရှိ NUS တက္ကသိုလ် အာဆီယံ လူငယ်ခေါင်းဆောင်အဖွဲ့က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် ကျင်းပသော အေဝိုင်အယ်အီး (၂၀၀၉)နှင့် မလေးရှားနိုင်ငံတွင် ကျင်းပသော အေဝိုင်အယ်အီး (၂၀၁၀)တွင်လည်း တက်ရောက်ပါဝင်ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံပွဲတွင် ယဉ်ကျေးမှုဆိုင်ရာဖလှယ်ခြင်း၊ ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ လေ့လာရေးခရီးစဉ်များပါဝင်ပြီး ဆွေးနွေးသည့် ခေါင်းစဉ်မှာ ‘Fostering Advancements in the ASEAN Region Through Innovation and Unity’ ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ အာဆီယံဒေသတွင်းရှိ မှီတင်းနေထိုင်ကြသူများ၊ အထူးသဖြင့် လူငယ်များအကြား ခိုင်မာသောရင်းနှီးမှု၊ နွေးထွေးမှုများ ဖြစ်ပေါ်လာစေရေး တွန်းအားပေးရန်၊ ဘောဂဗေဒနှင့် စီးပွားရေးနှင့်သက်ဆိုင်သော အတွေ့အကြုံ ဗဟုသုတဖလှယ်ရန်၊ အရှေ့တောင်အာရှဒေသအတွင်းရှိ ဘောဂဗေဒနှင့် စီးပွားရေးပညာရပ်များကို လေ့လာနေသော ကျောင်းသားများအဖွဲ့ (စီကွန်) ဆက်လက်တည်တံ့နိုင်ရေး၊ အာဆီယံဒေသဆိုင်ရာစီးပွားရေးနှင့် ဓလေ့စရိုက်များကို ပိုမိုသိရှိလာနိုင်စေရန်တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ပိုလ်မှူးချုပ်ထွန်းသန်း မင်္ဂလာဒုံတပ်နယ် ဆေးရုံတက်လူနာများ ကြည့်ရှုထောက်ပံ့

နေပြည်တော် ဧပြီ ၂

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ဆန္ဒဖော်ထုတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော် ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဧပြီ ၁ ရက်တွင် အင်းတိုင်တပ်နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များအတွက် အဝတ်အထည်များ ပေးအပ်သည်။

ထို့နောက် တပ်ရင်းအတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း အင်းတိုင်တပ်နယ် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဂုဏ်ထူးဆောင် အသင်းဝင်ဂုဏ်ပြုလွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဂုဏ်ထူးဆောင် အသင်းဝင်များ ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များ အသင်းဥက္ကဋ္ဌ ဒေါက်တာအောင်ကြီး တက်ရောက် အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း အတွင်းရေးမှူး ဒေါက်တာအုန်းကျော်က ယခုနှစ်အတွင်း အသင်းက ဂုဏ်ပြုရွေးချယ်ခဲ့သည့် ဂုဏ်ထူးဆောင်အသင်းဝင် ဆရာကြီး၊ ဆရာမကြီးများ ရွေးချယ်ပုံနှင့် ဆရာကြီး၊ ဆရာမကြီးများ၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌက ဂုဏ်ထူးဆောင်အသင်းဝင် ဆရာကြီး ဒေါက်တာဦးကိုကိုကြီး၊ ဒေါက်တာဦးမောင်မောင်စနှင့် ဆရာမကြီး ဒေါက်တာစမ်းစမ်းလှိုင်တို့အား ဂုဏ်ပြုလွှာပေးအပ်သည်။

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းသည် အသက်(၆၆)နှစ်နှင့်အထက်ရှိပြီး တိရစ္ဆာန်ဆေးပညာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့သူ တိရစ္ဆာန်ဆေးကုဆရာဝန်ကြီး ၁၀ ဦးတို့အား ၂၀၁၀ ခုနှစ်အတွက် ရွေးချယ်ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသက်ကယ်နည်းစနစ် ကျွမ်းကျင်မှု(အထူး) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အသက်ကယ်နည်းစနစ်ကျွမ်းကျင်မှု(အထူး) သင်တန်းအမှတ်စဉ် (၄/၂၀၁၁)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်ပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို သဘာဝဘေးအန္တရာယ်ကျရောက်ပါက အသက်ကယ်လုပ်ငန်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၆၀ တက်ရောက်အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းပြားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က (၆၆)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုယ်အင်္ဂါ စွန့်လွှတ်ခဲ့ရသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ၂၀၀၉-၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့သည့် စစ်မှုထမ်းဟောင်း အရန်အဖွဲ့ဝင်တို့အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲကို မတ် ၂၅ ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကိုပေးအပ်ချီးမြှင့်ကြစဉ်။ (ကြေးမုံ)

၂၀၁၁ခုနှစ် ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် ဧပြီ ၂

ရန်နိုင်ဦး၏ ပန်းချီလက်ရာနှင့်အတူ မောင်စိမ်းနောင်(လယ်ဝေး)၊ မင်းယုဝေ၊ ကို(တက္ကသိုလ်)၊ ညွှန့်ဝေ(ကသာ)၊ မောင်နီဝင်း(ပခုက္ကူ)၊ ညိုဘန်း(လေးဝတီ)၊ တိုးဝေ၊ မောင်ကြင်နွယ်၊ ပြေဦးတို့၏ ရသစုံ ကဗျာပုံရိပ်များနှင့်အတူ ငွေကြည်၊ တင်အောင်နီ၊ သစ်ထွဏ်း၊ မြေဇာ၊ သူရမိုးတို့၏ ကာတွန်းလက်ရာများအပါအဝင် ဗိုလ်ကလေးတင့်အောင်၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ဝေမွန်လင်း၊ ပီကျော်ဟန်၊ မောင်စူးစမ်းတို့၏ စာပေရေးရာနှင့် သုတရသ ဆောင်းပါးများ၊ ခင်မောင်အေး (မန္တလေး)၊ ပတ္တမြားမိုး၊ ငွေတာရီ၊ ခြင်ကျား(မအူပင်)၊ မောင်ဝင်းရည်၊ ဘသက်ဆွေတို့၏ဝတ္ထုများကိုပါ နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ် (၁၈၁) ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၃၇၁၂၄၄နှင့် အမှတ် (၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃၊ ၅၄၄၈၉၄ (ဖြန့်ချိရေး)တို့သို့ ဆက်သွယ်မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPL စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

ကျေးဇူးရှင်မိဘများဖြစ်ကြသော ဦးအုန်း-ဒေါ်စိုးမြင့်တို့အား ရည်စူး၍ မင်းလမ်း ဘုရားကြီးမြို့ ပဲခူးမြို့နယ်နေ ဒေါ်သိန်းသိန်းနှင့် ရဲမှူးစိုးတင့် (ငြိမ်း)၊ ဒေါ်ရီရီဝင်း၊ သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာကုဋီတစ်လုံးအတွက် အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းထိန် လက်ခံစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

တာဝန်ရှိသူများက ကြိုဆိုကြပြီး ညွှန်ကြားရေးမှူးက မြနန်းစံကျော် ရွှေနန်းတော်၏ သမိုင်းကြောင်းနှင့် ရှေးမူမပျက် ထိန်းသိမ်းထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြနန်းစံကျော် ရွှေနန်းတော်နှင့် ပြတိုက်အတွင်းရှိ မြန်မာဘုရင်များ၏ ထီးသုံးနန်းသုံး အသုံးအဆောင်များနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ မစ္စတာ ကျာချင့်လင်သည် ပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

တွေ့ဆုံ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်အား ညနေ ၆ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံ၊ လယ်ယာနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပို့ဆောင်/ဆက်သွယ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ စက်မှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ တက်ရောက်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား ညပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ၊ တရားလွှတ်တော် တရားသူကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကောင်စစ်ဝန်ချုပ်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မန္တလေးနန်းမြို့ရှိ ယဉ်ကျေးမှုပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နန်းထိုက်ရတနာမူလတန်းကြိုကျောင်း နေပြည်တော် ပဒေသာကပွဲကျင်းပ

နေပြည်တော် ဧပြီ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန နန်းထိုက်ရတနာမူလတန်းကြိုကျောင်း နေပြည်တော်၏ မူကြိုရင်သွေးငယ်များ ပဒေသာကပွဲ အခမ်းအနားကို မတ် ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မူကြိုရင်သွေးငယ်များက အကများဖြင့် တင်ဆက်ကြပြီး ကပွဲများအပြီးတွင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် ကျောင်းအုပ် ဒေါ်စိုးစိုးမော်တို့က မူကြိုရင်သွေးငယ်လေးများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

လေဘေးသင့်ရေလုပ်သားများအား ထောက်ပံ့ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံဒေသမှ လေဘေးသင့်ရေလုပ်သားများအား ထောက်ပံ့နိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးမောင်မောင်သိမ်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးဌေးမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က လေဘေးသင့်ရေလုပ်သားများ၏ အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လေဘေးသင့်ရေလုပ်သားများအား ထောက်ပံ့နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လှူဒါန်းငွေကျပ်သိန်း ၅၀၀ အပါအဝင် အလှူရှင် ၇၈ ဦးတို့က စုစုပေါင်းငွေကျပ် ၁၀၈၉၉၉၂၀၀ ကို မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးမောင်မောင်သိမ်းနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးမောင်မောင်သိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယက ဦးမောင်မောင်သိမ်းထံ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံဒေသမှ လေဘေးသင့် ရေလုပ်သားများအတွက် ငွေကျပ် သိန်း ၅၀၀ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသကြဲန်

- ✼ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ✼ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ✼ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြဲန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြဝတီရုပ်မြင်သံကြား(၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် ၂၀၁၀ ပြည့်နှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂

မြဝတီရုပ်မြင်သံကြား (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် မြဝတီစာပေတိုက် ၂၀၁၀ ပြည့်နှစ် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်ပြီး ဆုများချီးမြှင့်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ အကောင်းဆုံးကင်မရာရိုက်ကူးသူ ဆုရရှိသူ အရာခံဗိုလ်ကျော်ဆန်းထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အခမ်းအနားသို့ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်၊ ဝန်ထမ်းများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင်-

ယနေ့သည် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြား၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့်အတူ မြဝတီစာပေတိုက်၏ မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းတို့မှ အကောင်းဆုံး ကဗျာ၊ ကာတွန်း၊ ဆောင်းပါးဝတ္ထုတို၊ ဝတ္ထုရှည်နှင့် မြဝတီနှစ်ပတ်လည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရ ပညာရှင်များအား လေးစားစွာ ချီးမြှင့်ဂုဏ်ပြုသည့် အခမ်းအနားပင် ဖြစ်ကြောင်း။

စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး အကောင်းဆုံးသတင်းကြေညာသူဆုရရှိသူ ဒုတိယအရာခံဗိုလ်(အစားခန့်)ဝင်းပပနွယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အထင်ကရမီဒီယာ

မြဝတီရုပ်မြင်သံကြားကို ၁၉၉၅ ခုနှစ် မတ်လ ၂၇ ရက် နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် စတင်ထုတ်လွှင့်ခဲ့ရာ ယခုဆိုလျှင် (၁၆)နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ မြဝတီရုပ်မြင်သံကြားသည် စတင်ထုတ်လွှင့်ချိန်မှ ယနေ့အချိန်အထိ ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ ပြည်သူလူထုအား ကဏ္ဍပေါင်းစုံဖြင့် ဖျော်ဖြေတင်ဆက်ပေးနိုင်ခဲ့ပြီး မိမိတို့နိုင်ငံ၌ အထင်ကရ မီဒီယာကြီးတစ်ခုအဖြစ် ရပ်တည်ရှင်သန်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ယင်းသို့ အောင်မြင်စွာ ရှင်သန်ရပ်တည်နိုင်ခြင်းသည် ပြည်သူအများ၏ လက်ခံအားပေးမှုနှင့်အတူ ရုပ်ရှင်၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ အနုပညာရှင်ကြီးများနှင့် ပုဂ္ဂလိက မီဒီယာများ၏ ပူးပေါင်းဆောင်ရွက်မှု၊ မြဝတီရုပ်မြင်သံကြား၌ တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်/ဝန်ထမ်းများ၏ ကြိုးစားအားထုတ်ဆောင်ရွက်မှုတို့ကြောင့် ဖြစ်ကြောင်း။

မျက်မှောက်ကာလတွင် သိပ္ပံနှင့် နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် နည်းပညာနှင့် ဓနအင်အားသာလွန်သည့် နိုင်ငံကြီးများက မီဒီယာမျိုးစုံအသုံးပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဘက်ပေါင်းစုံကနေ လွှမ်းမိုးလျက်ရှိခြင်းကြောင့် မိမိတို့၏ တိုင်းရင်းသားရိုးရာဓလေ့များ၊ စရိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ ပပျောက်မသွားရအောင် မီဒီယာအသိ၊ မီဒီယာသတိဖြင့် နိုင်ငံတော်နှင့် ပြည်သူအား အကာအကွယ်ပေးသွားရမည် ဖြစ်ကြောင်း။

ရုပ်သံလိုင်းသစ်များ

ဤနေရာတွင် ဆက်လက်ပြောကြားလိုသည်မှာ မိမိတို့နိုင်ငံ၌ မီဒီယာ၏ လိုအပ်ချက်အရ တိုးချဲ့ မြဝတီရုပ်မြင်သံကြား ရုပ်သံလိုင်းအသစ်ကို နေပြည်တော်မှနေ DIGITAL စနစ်အသုံးပြုပြီး CHANNEL ခြောက်ခုဖြင့် တစ်နိုင်ငံလုံးကို မကြာခင်ကာလတွင် ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ရုပ်ရှင်၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ အနုပညာရှင်ကြီးများနှင့် ပုဂ္ဂလိက မီဒီယာများအနေဖြင့်လည်း မြဝတီရုပ်မြင်သံကြားလိုင်းသစ်ကို အောင်မြင်စွာ ထုတ်လွှင့်ပြသသွားနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားလိုကြောင်း။

မီဒီယာလုပ်ငန်းများအနက် ရုပ်မြင်သံကြားနှင့် စာနယ်ဇင်းတို့သည် ပြည်သူလူထုအတွက် သတင်းပြန်ကြားပေးမှု၊ ဖျော်ဖြေပေးမှုနှင့် ပညာပေးမှုများကို အများဆုံးဆောင်ရွက်ပေးနိုင်သည့် လူထုဆက်သွယ်ရေးလုပ်ငန်းများပင် ဖြစ်ကြောင်း၊ မြဝတီရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်၏ ပကတိ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဖြစ်ပေါ်နေမှု အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်ခဲ့ပြီး ပြည်သူအများအပန်းဖြေ ပျော်ရွှင်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံကနေ စုံလင်စွာ ထုတ်လွှင့်ပေးနိုင်ခဲ့ခြင်းများကြောင့် ပြည်သူအများ၏ ချစ်ခင်နှစ်သက်အားပေးမှုကို ရရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ယခုထုတ်လွှင့်နေသည့် ANALOGUE စနစ်မှနေ DIGITAL စနစ်သို့ ကူးပြောင်းထုတ်လွှင့်နိုင်ရေးအတွက်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားဆောင်ရွက်လျက် ရှိကြောင်း။

စာပေစွမ်းပကားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ အသိဉာဏ်ပညာ၊ ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ အတွေးအခေါ်၊ အမြော်အမြင်၊ ဆင်ခြင်တုံတရား စူးရှထက်သန်မှု၊ ကိုယ်ရည်ကိုယ်သွေး ထက်မြက်မြင့်မားမှုတို့ကို ဖြည့်ဆည်းပေးရာ၌လည်းကောင်း၊ အမျိုးသားရေးစိတ်ဓာတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို စေ့ဆော်ပေးရာ၌ပါ အလွန်ပင် ဩဇာအရှိန်အဝါ ကြီးမားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြဝတီစာပေတိုက်၏ သက်တမ်းသည် ယနေ့အချိန်တွင် ၅၈ နှစ် ကျော်လွန်ခဲ့ပြီဖြစ်သကဲ့သို့ မြဝတီမဂ္ဂဇင်း၏ သက်တမ်းသည်လည်း ၅၈ နှစ်နှင့် ငွေတာရီမဂ္ဂဇင်းသည်လည်း နှစ် ၅၀ ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း၊ ယင်းမဂ္ဂဇင်းနှစ်စောင်သည် မြန်မာစာပေလောက၌ သက်တမ်းရင့် ဂုဏ်သိက္ခာရှိသည့် မဂ္ဂဇင်းနှစ်စောင်အဖြစ် ရှင်သန်ရပ်တည်နေဆဲပင် ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မြန်မာစာပေလောကအတွက် ဦးဆောင်ဦးရွက်ပြုခဲ့သူ ကလောင်ရှင်အများအပြားကို မွေးထုတ်ပေးခဲ့သည့် မဂ္ဂဇင်းကြီးများလည်းဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြဝတီနှင့် ငွေတာရီမဂ္ဂဇင်းနှစ်စောင်သည် မြန်မာစာပေလောက လိုအပ်ချက်များကို အစဉ်သဖြင့် ဖြည့်ဆည်းပေးရုံသာမက မြင့်မားသည့် စာပေရည်မှန်းချက်များ ထားရှိကာ စာပေပြိုင်ပွဲများကိုလည်း အစဉ်အလာအားဖြင့် ကျင်းပပေးခဲ့ကြောင်း၊ ယင်းသို့ကျင်းပရာ၌ ၂၀၀၂ ခုနှစ်မှစပြီး ယခင်ကကဲ့သို့ ပြိုင်ပွဲတစ်သီးတခြား မကျင်းပတော့ဘဲ မြဝတီနှင့် ငွေတာရီ ထုတ်ဝေမှု တစ်နှစ်တာကာလအတွင်း ရွေးချယ်ဖော်ပြခံရသည့် စာမူများထဲမှ အကောင်းဆုံးစာမူများကို ရွေးချယ်ပြီး ဆုပေးသည့်စနစ်ကို ကျင်းပခဲ့သည်မှာ ယခုအခါ (၁၀)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ကြောင်း။

ဆုချီးမြှင့်သွားမည်

တစ်ဆက်တည်းမှာပင် မြဝတီရုပ်မြင်သံကြား၌ တစ်နှစ်တာကာလအတွင်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ထူးချွန်စွာ ထမ်းဆောင်ခဲ့ကြသည့် စစ်သည်/ဝန်ထမ်းများကိုလည်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်/ကျောင်းများမှ နိုင်ငံတော်အဆင့်ပြိုင်ပွဲများ၌ ဆုရရှိကြသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကိုလည်း ဆုချီးမြှင့်ပေးသွားမည် ဖြစ်သည့်အပြင် မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်တို့အပေါ်၌ အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကိုပါ ဂုဏ်ပြုသွားမည်ဖြစ်သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခမ်းအနားလည်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်တို့သည်-

- ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်၌ အမျိုးသားရေးဂုဏ်သိက္ခာ တင့်တယ်မြင့်မားစွာဖြင့် ဝင့်ဝင့်ကြွားကြွား ရပ်တည်စေနိုင်ရေးအတွက် အမျိုးသားရေးစွမ်းအားစု အစစ်အမှန်ဖြစ်သည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ တိုးပွားခိုင်ခံ့စေရေးအတွက် မီဒီယာစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။
- လုပ်ငန်းများဆောင်ရွက်သည့်အခါ၌လည်း အားနည်းချက်၊ ချို့ယွင်းချက် မရှိအောင် အမြဲသုံးသပ် စိစစ်ဆောင်ရွက်ပြီး ခေတ်နှင့်အညီ ပြောင်းလဲနေသည့် မီဒီယာလုပ်ငန်းများကိုလည်း အမြဲလေ့လာနေကြပါ။
- အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို လက်တွေ့ကျကျ ဖော်ဆောင်နေချိန်တွင် မီဒီယာစွမ်းပကားဖြင့် ပံ့ပိုးစွမ်းဆောင်ပေးကြပါဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေက အကောင်းဆုံး အစီအစဉ်မှူးဆုရရှိသူ ဒုတိယအရာခံဗိုလ် (အစားခန့်) ခင်သန္တာစိုး၊ အကောင်းဆုံး ကင်မရာရိုက်ကူးသူဆုရရှိသူ အရာခံဗိုလ်ကျော်ဆန်းထွန်းနှင့် ဒုတိယအရာခံဗိုလ် (အစားခန့်)အေးမင်းထွန်း၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူးဆုရရှိသူ အရာခံဗိုလ်တင်မောင်ညွန့်နှင့် တပ်ကြပ်ကြီး (အစားခန့်) နှင်းအိဝင့်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက အကောင်းဆုံး သတင်းကြေညာသူဆုရရှိသူ ဒုတိယအရာခံဗိုလ် (အစားခန့်)ဝင်းပပနွယ်၊ အကောင်းဆုံး ကွန်ပျူတာပြုလုပ်မှုဆုရရှိသူ တပ်ကြပ်ကြီး (အစားခန့်) ယဉ်မျိုးခိုင်၊ (၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သော “တူနိုင်းမဲ့သစ္စာ” ဇာတ်လမ်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ရိုက်ကူးရေးအဖွဲ့ကိုယ်စား တွဲဖက်ဇာတ်ညွှန်းရေးသားသူ ချမ်းမင်းအိမ်၊ အမျိုးသားသရုပ်ဆောင်များကိုယ်စား အကယ်ဒမီဦးနေအောင်နှင့် အမျိုးသမီးသရုပ်ဆောင်များကိုယ်စား အကယ်ဒမီမေသဥ္ဇာဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းက အကောင်းဆုံး ဘာသာပြန်ဆုရရှိသူ တပ်ကြပ်ကြီး (အစားခန့်) ရီတာထွန်းမြင့်၊ အကောင်းဆုံး တည်းဖြတ်ဆုရရှိသူ အရာခံဗိုလ် (အစားခန့်) အိအိခင်နှင့် ဒုတိယအရာခံဗိုလ်(အစားခန့်) စန္ဒာထွေး၊ အကောင်းဆုံးဇာတ်လမ်း/ ဇာတ်ညွှန်းဆုရရှိသူ အရာခံဗိုလ်နိုင်ဦး၊ အကောင်းဆုံး ဂီတ/ဆိုင်းဝိုင်းဆုရရှိသူ အရာခံဗိုလ် (အစားခန့်) အောင်ကိုသန်းနှင့် စက်မှုဌာန ဂုဏ်ပြုဆုကို ဗိုလ်ကြီးဟိန်းထွဋ်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းစိုး မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရရှိသူ ဦးတင်မြင့်(စစ်ငြိမ်းပန်း)(ဒုတိယဗိုလ်မှူးကြီးတင်မြင့်-ငြိမ်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းစိုးက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တေးသီချင်း (၅)ပုဒ်ကို စီစဉ်ရိုက်ကူးထုတ်လုပ်ခဲ့ကြသော စစ်သည်၊ ဝန်ထမ်းများကိုယ်စား အရာခံဗိုလ်(အစားခန့်)ခိုင်ချိုထွန်း၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆုရရှိသူ ဦးတင်မြင့်(စစ်ငြိမ်းပန်း) [ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)]၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရရှိသူ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ တတိယဆုရရှိသူ စိုင်းခမ်းလင်း(Hawk Eyes)နှင့် မြဝတီမဂ္ဂဇင်းအကောင်းဆုံး ကာတွန်းဆုရရှိသူ ကာတွန်းမြေဇာတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ထို့နောက် ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးထွန်းလွင်ဦးက မြဝတီမဂ္ဂဇင်း အကောင်းဆုံးကဗျာဆုရရှိသူ မောင်ဟေမာ၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံးဆောင်းပါးဆုရရှိသူ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မြဝတီမဂ္ဂဇင်း အကောင်းဆုံးဝတ္ထုတိုဆုရရှိသူ ဆင်ဖြူကျွန်းအောင်သိန်းနှင့် မြဝတီမဂ္ဂဇင်း အကောင်းဆုံးဝတ္ထုရှည်ဆုရရှိသူ သောင်းဝေဦး [ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)]၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံး ကာတွန်းဆုရရှိသူ ကာတွန်းသစ်ထွဏ်း၊ ငွေတာရီမဂ္ဂဇင်း အကောင်းဆုံးကဗျာဆုရရှိသူ ကို (တက္ကသိုလ်) [ဗိုလ်မှူးကြီး ကိုကို(ငြိမ်း)] နှင့် ငွေတာရီမဂ္ဂဇင်းအကောင်းဆုံး ဝတ္ထုတိုဆုရရှိသူ လယ်တွင်းသားစောချစ် (ဦးတင်လှိုင်- မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဗိုလ်မှူးကြီးရဲထွဋ်(ငြိမ်း)က (၁၉)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ (၄၀-၄၅) ကီလိုဝိတ်တန်း (ဓားတစ်လက်အတိုက်) ပြိုင်ပွဲ၌ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❊

❇ စာမျက်နှာ ၄ မှ

ရွှေတံဆိပ်ဆုရရှိသူ အမှတ်(၂) တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီးသက်လွင်ဦး၊ (၆၆) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ဗဟိုအဆင့်ပြိုင်ပွဲ၌ ပထမဆုရရှိသူ အမှတ်(၄) တိုက်ပွဲဝင် စည်းရုံးရေးသင်တန်းကျောင်းမှ တပ်သားသိန်းဝင်း၊ အမှတ်(၇) တိုက်ပွဲဝင် စည်းရုံးရေး သင်တန်းကျောင်းမှ တပ်သားရဲအောင်နှင့် (၁၉)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ၄၀-၅၀ ကီလိုဝိတ်တန်း (ခားနှစ်လက်အတိုက်)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသူ အမှတ်(၄)ပညာရေးကျောင်းမှ ဒုတိယတပ်ကြပ် သန်းဇော်လတ်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း (အငြိမ်းစား)က ၆၀-၆၅ ကီလိုဝိတ်တန်း (ခားနှစ်လက်အတိုက်)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသူ အမှတ်(၄)ပညာရေးကျောင်းမှ တပ်သားသန်းကျော်ဌေး၊ ကျန်းမာရေးဝန်ကြီးဌာနက ကျင်းပသော အေအိုင်ဒီအက်(စ်) တိုက်ဖျက်ရေးနေ့ စာစီစာကုံးပြိုင်ပွဲ ဗဟိုအဆင့်၌ ဒုတိယဆုရရှိသူ နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မထက်ရွှေရည်လှိုင်နှင့် ၂၀၁၀ ပြည့်နှစ် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ရေးနှင့် အလွဲသုံးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ၌ ဒုတိယဆုရရှိသူ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မဝင်းသန့်သန့်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက မြဝတီရုပ်မြင်သံကြားတွင် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို နေရာအရောက် လိုက်လံပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်တင်ငွေနှင့် ဧည့်သည်တော်များအား မြဝတီတေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တေးသံရှင်များနှင့် မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

○ ကမ္ဘောဇမှ

ပြုလုပ်ထားသည့် ကမ္ဘောဇအသင်းမှာ တဖြည်းဖြည်းနှင့် အထိုင်ကျလာပြီး နိုင်ပွဲပြန်လည် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းမှာ ယခုပြိုင်ပွဲတွင် အိမ်ကွင်း၌ ရလဒ်ကောင်းများရရှိနေပြီး လက်ရှိချန်ပီယံ ရတနာပုံအသင်းကို တစ်ဂိုး- ဂိုးမရှိ၊ယခုရန်ကုန်ယူနိုက်တက်ကို သုံးဂိုးပြတ်တို့ဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

လေးပွဲဆက် နိုင်ပွဲရပြီး ပွဲစဉ်(၄) အပြီးမှာ အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရပြီး ဂိုးပြတ်အရှုံးဖြင့်ပါ ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ဒဏ်ရာပြဿနာများရှိနေသည့် အသင်းခေါင်းဆောင် မျိုးမင်းထွန်းကို မသုံးခဲ့သလို ရာဇာဝင်းသိန်းနှင့် ခင်မောင်လွင်တို့ကိုလည်း ဒုတိယအပိုင်းမှ အသုံးပြုနိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ အားလျော့နေခဲ့ပြီး ရရှိသည့် ဂိုးသွင်းခွင့်များကိုလည်း အသုံးမချနိုင်၍ နှစ်သိမ့်ဂိုးပင် မရခဲ့ပေ။

ကမ္ဘောဇအသင်းမှာ အိမ်ကွင်းတွင် နိုင်ပွဲရရှိရေးအတွက် အားထည့်ကစားခဲ့သလို ယခင်ပွဲများထက်ပင် အချိတ်အဆက်မိမိ ကစားနိုင်ခဲ့သည်။ အထူးသဖြင့် တိုက်စစ်မှူး စိုးမင်းဦး ခြေစွမ်းပြသွားပြီး ပထမဂိုးကိုလည်း မိနစ် ၄၀ မှာ သိန်းသန်းဝင်း၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူခဲ့သည်။ မိနစ် ၅၀ တွင် ခိုင်ဇော်ထွန်းက ဒုတိယဂိုးနှင့် ၆၁ မိနစ်တွင် စိုးမင်းဦးက တတိယဂိုးကို သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း
ဇေယျာရွှေမြေ-တစ်ဂိုး
(ကျော်ကိုကို)
မကွေးF.C - ဂိုးမရှိ

ရန်ကုန်ယူနိုက်တက် တိုက်စစ်ကို ကမ္ဘောဇအသင်းမှ အေးဆန်း ကာကွယ်ဖျက်ထုတ်စဉ်။

အောင်ဆန်းကွင်း
ရတနာပုံ - တစ်ဂိုး
(ထူးထူးအောင်)
ဉဿာယူနိုက်တက်-တစ်ဂိုး
(လစ်ပီလစ်ပီ)
ယနေ့ပွဲ(အောင်ဆန်းကွင်း)
ရောဝတီယူနိုက်တက်-နေပြည်တော်
သုဝဏ္ဏကွင်း
Southern Myanmar - ဇွဲကပင်ယူနိုက်တက်

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ နေ့အပူချိန် တိုးလာနိုင်

နေပြည်တော် ဧပြီ ၂

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။**နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ အောင်လံမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ပြင်ဦးလွင်မြို့တွင် သုည ဒသမ ၂၈ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နျူကလီးယားအရံအတားတစ်ရပ် ဗြိတိန်နှင့်ပြင်သစ်တို့ ပူးပေါင်းတည်ဆောက်ဖွယ်ရှိ

လန်ဒန် ဧပြီ ၂

ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ ပူးပေါင်း၍ နျူကလီးယားအရံအတားစနစ်တစ်ရပ်ကို အဆင့်မြှင့်တင်တည်ဆောက်ရန် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက တိုက်တွန်းပြောကြားခဲ့ကြောင်း စနေနေ့ထုတ် ဂါဒီယန်သတင်းစာတွင် ဖော်ပြသည်။

ပူးတွဲနျူကလီးယားအရံအတားစနစ် တည်ဆောက်ရေးအဆိုပြုချက်ကို ဗြိတိန်လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ဝန်ကြီး နစ်ခ်ဟာဗေးက ပြင်သစ်ကာကွယ်ရေး ကျွမ်းကျင်သူများထံယခုရက်သတ္တပတ်အတွင်း ပေးအပ်ခဲ့ကြောင်းသိရသည်။

ပူးတွဲနျူကလီးယားအရံအတားစနစ် တည်ဆောက်ရေးအဆိုပြုချက်ကို ပြင်သစ်နိုင်ငံက လိုလိုလားလား လက်ခံခဲ့ကြောင်း နစ်ခ်ဟာဗေးက ဂါဒီယန်သတင်းစာသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

သမိုင်းအစဉ်အလာအရ ဗြိတိန်နှင့် ပြင်သစ်တို့အကြား အပြိုင်အဆိုင်များရှိခဲ့သော်လည်း ယင်းနှစ်နိုင်ငံတို့သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက နှစ်နိုင်ငံပူးတွဲတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်နှင့် နျူကလီးယားစမ်းသပ်မှုဆိုင်ရာ ပစ္စည်းကိရိယာနှင့် နေရာများကို ခွဲဝေအသုံးပြုရန် သဘောတူခဲ့ကြသည်။

ဗြိတိန်၏ စံချိန်တင်ဘဏ္ဍာရေးလိုငွေပြမှုကို ထိန်းချုပ်ရန် ကြိုးစားသည့်အနေဖြင့် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်၏ ညွန့်ပေါင်းအစိုးရအဖွဲ့သည် နှစ်စဉ်ကာကွယ်ရေးအသုံးစရိတ်၏ ရှစ်ရာခိုင်နှုန်းကို ဖြတ်တောက်ရန် လုပ်ဆောင်ခဲ့ပြီးနောက် ဗြိတိန်နှင့် ပြင်သစ်တို့အကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံက လက်ရှိအသုံးပြုနေသော နျူကလီးယားလက်နက်စနစ်ကို အသစ်တစ်ရပ်ဖြင့် အစားထိုးလဲလှယ်ရန် ဆုံးဖြတ်မည့်အရေးကိုလည်း ဗြိတိန်ညွန့်ပေါင်းအစိုးရအဖွဲ့က ၂၀၁၅ ခုနှစ် မေလနောက်ပိုင်းအထိ ကာလရွှေ့ဆိုင်းခဲ့သည်။

ထရိုင်းဒင့်အမည်ရှိ ရေငုပ်သင်္ဘောအခြေပြု နျူကလီးယားဒုံးကျည်စနစ်ကို ဗြိတိန်နိုင်ငံက လက်ရှိသုံးစွဲလျက်ရှိသည်။

အေအက်ဖ်ပီ။

ဗြိတိန်ဘုရင့်ရေတပ်မတော်မှ အတ်ချ်အမ်အက်စ်အက်စ်ကျူ အမည်ရှိ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော။
(ဓာတ်ပုံ-အင်တာနက်)

ရေဒီယိုသတ္တိကြွနေသောရေများ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စီးဝင်နေ

တိုကျို ဧပြီ ၂

ဂျပန်နိုင်ငံ၌ ဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသော နျူကလီးယားဓာတ်အားပေးစက်ရုံမှနေ၍ ရေဒီယိုသတ္တိကြွနေသောရေများ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စီးဝင်လာနေကြောင်း အာဏာပိုင်များက ဧပြီ ၁ ရက်တွင် ပြောကြားကြသည်။

ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံသည် မတ် ၁၁ ရက် မြေငလျင်လှုပ်ခဲ့ပြီးချိန်ကတည်းကစ၍ ရေဒီယိုသတ္တိကြွမှု ဘေးအန္တရာယ်ဖြစ်ပေါ်စေခဲ့သည်။ မြေငလျင်ဒဏ်ကြောင့် နျူကလီးယားစက်ရုံ၏ အအေးခံစနစ်ပျက်စီးခဲ့ရပြီး အပူချိန် အလွန်အမင်းမြင့်တက်နေသော ဓာတ်ပေါင်းဖိုများမှ ဓာတ်ရောင်ခြည်များ စိမ့်ဝင်နေခဲ့သည်။

တွေ့ရှိခဲ့ရ

မကြာသေးမီရက်များအတွင်း ပင်လယ်ကမ်းရိုးတန်းရှိ ပင်လယ်ရေတွင် ရေဒီယိုသတ္တိကြွမှုကို တွေ့ရှိခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံ၌ ရှစ်လက်မအရှည်ရှိ အက်ကြောင်းတစ်ကြောင်း ဖြစ်ပေါ်နေပြီး ယင်းအက်ကြောင်းမှနေ၍ ရေဒီယိုသတ္တိကြွမှုနှုန်း မြင့်မားသော ရေများ စိမ့်ထွက်လာကာ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စီးဝင်လျက်ရှိသည်။

အင်တာနက်။

ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားစက်ရုံရှိ ရေဒီယိုသတ္တိကြွနေသောရေများ ယိုစိမ့်နေသည့်နေရာကို စက်ရုံ အလုပ်သမားတစ်ဦး ညွှန်ပြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်ကျောင်းဆရာများ ပြန်ပေးဆွဲခံရ

ကိုတာဘာတိုစီးတီး ဧပြီ ၂

တည်ငြိမ်မှုမရှိ ဖြစ်နေသော ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဧပြီ ၁ ရက်က ကျောင်းဆရာ ၁၆ ဦးထက်မနည်းကို သေနတ်သမားများက ပြန်ပေးဆွဲ ခေါ်ဆောင်သွားကြောင်း တာဝန်ရှိသူ တစ်ဦးက ဧပြီ ၂ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများ လွတ်မြောက်ရေးအတွက် စေ့စပ်ဆွေးနွေးမည်ဖြစ်ပြီး ပြန်ပေးဆွဲခံရသူများ လုံခြုံဘေးကင်းရေးအတွက် ကြိုးပမ်းရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တာလေလျှင်ဘေး ကယ်ဆယ်ရေးအလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်ရှိ လျှင်ဒဏ်သင့် ပြည်သူများအတွက် Tiens Meljing International Charity Foundations (Tiens Groups) မှ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက လျှင်ဒဏ်သင့် ပြည်သူများအတွက် Tiens Meljing International Charity Foundations မှ အာရှပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ မစ္စတာလီလင်းနှင့် အထွေထွေမန်နေဂျာ (မြန်မာနိုင်ငံ) မစ္စတာကျန်စုရီတို့က လှူဒါန်းသော အလှူငွေကျပ် သိန်း ၂၀၀ ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လျှင်ဒဏ်သင့်ပြည်သူများအတွက် Tiens Meljing International Charity Foundations မှ အာရှပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ မစ္စတာလီလင်းနှင့် အထွေထွေမန်နေဂျာ (မြန်မာနိုင်ငံ) မစ္စတာကျန်စုရီတို့က လှူဒါန်းသော အလှူငွေကျပ် သိန်း ၂၀၀ ကို လက်ခံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၄-၂၀၁၁ (တနင်္ဂနွေနေ့)
[၁၃၇၂ခုနှစ်၊ တပေါင်းလကွယ်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၇း၅၅ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၉။ "ကျန်းမာသန်ထွားဉာဏ်မြင့်မား"
- ၈း၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ ခါသကြွန်အဆိုအကများ
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ ခါသကြွန်အဆိုအကများ
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၃၀)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "ချစ်လည်းခက်ခက်၊ မုန်းလည်းခက်" (ဇော်လွင်၊ ခင်သန်းနု၊ တင်တင်လှ) (ဒါရိုက်တာ-မောင်သော်တာ)**
- ၂း၅၀ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar FC အသင်းနှင့် ဇွဲကပင်ယူနိုက်တက် FC အသင်း)
- ၅း၄၅ ၂။ ခါသကြွန်အဆိုအကများ
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ ကာတွန်းအစီအစဉ် **"ကွမ်တမ်မင်း"(အပိုင်း-၁၄)**
- ၆း၄၀ ၆။ တစ်မျက်နှာ၊တစ်ကွက်စာ **"သမီးမက်သူ" (မိုးထက်ပိုင်၊ တေဇ၊ မိုးကောင်း၊ ရန်နိုင်၊ နေလ၊ ဟိန်းဇော်၊ ဦးခိုင်တင်၊ မေဟသ်၊ ခိုင်ပွင့်၊ ဆုဝတီမိုး၊ ဂျူးဂျူးကော၊ သဇင်ထူးနိုင်၊ ဒေါ်ခင်မို့မို့အေး) [ဒါရိုက်တာ-မေတင်(MMG)]**
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း"(အပိုင်း-၁)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **"တောကောင်ငယ်သိုင်းညီနောင်လေးများ"(အပိုင်း-၁၁၀)**
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ"(အပိုင်း-၁၉)**
- ၁၃။ "ရင်လှိုင်းခတ်သံ တေးသီဟန်"
- ၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၁၅။ အစီအစဉ်ပြီး၏။

AIR KANBAWZA လေကြောင်းလိုင်းဖွင့်ပွဲနှင့် စတင်ပျံသန်းခြင်း အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂

AIR KANBAWZA လေကြောင်းလိုင်းဖွင့်ပွဲနှင့် ပြည်တွင်းလေကြောင်းခရီးစဉ် စတင်ပျံသန်းခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့လေကြောင်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ AIR KANBAWZA လေကြောင်းလိုင်းမှ တာဝန်ရှိသူများ၊ လေယာဉ်မှူးများ၊ လေယာဉ်မောင်၊ လေယာဉ်မယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်း၊ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်းနှင့် AIR KANBAWZA လေကြောင်းလိုင်း မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)**

နေ့စဉ်အချိန်မှန်

အဆိုပါ AIR KANBAWZA လေကြောင်းလိုင်းသည် ခရီးသွားပြည်သူများ အဆင်ပြေစေရန် ၂၀၁၁ ခုနှစ် ဧပြီ ၂ ရက်မှ စတင်၍ နေ့စဉ် နံနက် ၈ နာရီတွင် ရန်ကုန်-ညောင်ဦး-မန္တလေး-ဟဲဟိုး-ရန်ကုန် ခရီးစဉ်ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်-မြိတ်-ရန်ကုန် ခရီးစဉ်ကိုလည်းကောင်း အချိန်မှန်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ စတင်ပြေးဆွဲသည့် AIR KANBAWZA လေကြောင်း၏ ရန်ကုန်-ညောင်ဦး - မန္တလေး - ဟဲဟိုး - ရန်ကုန် ခရီးစဉ်တွင် ခရီးသည် ၆၀ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

AIR KANBAWZA လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း။
(သတင်းစဉ်)

တနင်္သာရီမြို့နယ်တွင် လယ်ယာသန်းခေါင်စာရင်းကောက်ယူ

မြိတ် ဧပြီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၏ နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးအေးကိုသည် မြိတ်ခရိုင် မြေစာရင်းဦးစီးဌာနမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆန်းလင်းဦးနှင့်အတူ တနင်္သာရီမြို့နယ် ဘန်းလမွတ်ကျေးရွာအုပ်စု ဘန်းလမွတ်ကျေးရွာသို့ ရောက်ရှိပြီး လယ်ယာသန်းခေါင်စာရင်း ကောက်ယူရာတွင် တနင်္သာရီမြို့နယ်မြေစာရင်း ဦးစီးဌာနမှူး၊ စာရင်းကောက်သူများနှင့် ကြီးကြပ်သူများ၏ မြန်မာလယ်ယာသန်းခေါင်စာရင်း ထိန်းချုပ်ပုံစံများနှင့် စာရင်းကောက်ပုံစံများအပေါ် စိစစ်ဆောင်ရွက်ပြီး မြန်မာလယ်ယာသန်းခေါင်စာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိစေရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)** (ကြေးမုံ)

ပန်းတောင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၂

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၁၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီး ခြောက်ထပ်ကြီးဘုရားကျောင်းဝင်းရှိ ဘိုကလေးမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် (၇၅) နှစ်အထက် အသင်းဝင်များ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသည့် အသင်းဝင်များ၏ သား၊ သမီးများသည် ဦးစိန်မြင့် ဖုန်း-၀၉-၅၀၂၉၆၂၆၊ ဦးငွေသိန်း ဖုန်း-၅၅၅၅၀၅၊ ဦးတင်သောင်း ဖုန်း-၀၉-၅၀၄၂၁၇၀၊ ဦးခင်စိုး ဖုန်း-၃၉၇၆၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့နယ်သူ၊ မြို့နယ်သားအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်

နေပြည်တော် ဧပြီ ၂

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကားပြောကြားပြီး စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုညစာစားပွဲ

ယင်းနောက် ညပိုင်းတွင် နန်းမြို့ခန်းမ၌ (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၁၁)သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂

အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အလုပ်သမားဝန်ကြီးဌာနသည် e-Government လုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို မတ် ၇ ရက်မှ ၃၁ ရက်အထိ အရာထမ်းများအတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ယနေ့အထိ အခြေခံကွန်ပျူတာသင်တန်း(၈)ကြိမ်နှင့် e-Government အသုံးချကွန်ပျူတာသင်တန်း (၅)ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန e-Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲတွင် သင်တန်းထူးချွန်ဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

Myanmar Academy of Management & Technology မှ ပညာရေးဝန်ဆောင်မှုများ ပေးနေပြီ

ရန်ကုန် ဧပြီ ၂

Myanmar Academy of Management & Technology သည် ပညာရေးနှင့် ပတ်သက်သည်များကို ဝန်ဆောင်မှုပေးနေသော သင်တန်းကျောင်းတစ်ခုဖြစ်သည်။ MAMTသည် မြန်မာနိုင်ငံရှိ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများအတွက် Australia နိုင်ငံ Central Institute of Technology မှ တိုက်ရိုက်ချီးမြှင့်သော အစိုးရ Diploma သင်တန်းများကို Australian Qualifications Framework(AQF) အတိုင်း သင်ကြားပို့ချပေးမည့် ASEAN နိုင်ငံများ၌ ပထမဆုံးဖွင့်လှစ်သော ကျောင်းတစ်ကျောင်း ဖြစ်သည်။ MAMT သည် မြန်မာနိုင်ငံရှိ ကျောင်းသား၊ ကျောင်းသူများ Australiaရှိ တက္ကသိုလ်များသို့ တက်ရောက်နိုင်ရေးအတွက် ဝန်ဆောင်မှုများကို ပြုလုပ်ပေးလျက်ရှိရာ တက္ကသိုလ်များ၏ သတင်းအချက်အလက်များ ပံ့ပိုးရှာဖွေပေးခြင်း၊ Australia နိုင်ငံ၌ Permanent Residency လျှောက်နိုင်သော ဘာသာရပ်များနှင့် အလုပ်အကိုင်များ ရွေးချယ်နိုင်ရန် အကြံပေးခြင်း၊ University ဝင်ခွင့်လျှောက်ပေးခြင်း၊ StudentVisa လျှောက်နိုင်ရန်အတွက် TAFE / University မှ ခေါ်စာ(Comfirmation of Enrolment) ရရှိရေး ဆောင်ရွက်ပေးခြင်းစသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

MAMTတွင် စတင်သင်ကြားမည့် Diploma of Business Administration သင်တန်း၌ တက်ရောက်လိုသူများသည် ဧပြီ ၉ ရက်အထိ စာရင်းပေးသွင်းလျှောက်ထားနိုင်ပြီး Diploma of Project Management သင်တန်းတွင် တက်ရောက်လိုသူများလည်း စတင်စာရင်းပေးလျှောက်ထားနိုင်ပြီ ဖြစ်သည်။ Foundation Course(or) Certificate IV သင်တန်းအောင်မြင်ပြီးသော မြန်မာကျောင်းသား၊ ကျောင်းသူများအတွက် MAMTတွင် ခြောက်လဖြင့် Australia Diploma ရရှိနိုင်မည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများကိုလည်း လက်ခံလျက်ရှိပြီး Pre Diploma English,Certificate for Engineering Computer စသည့် သင်တန်းများတွင်လည်း တက်ရောက်နိုင်ရန် စာရင်းပေးသွင်းလျှောက်ထားနိုင်ပြီဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း (အလယ်) အမှတ် (၁၈၉-၁၉၅) (၇)လွှာ ပန်းဆိုးတန်းရုံးခန်းတာဝါ ဖုန်း-၀၉-၇၃၁၃၉၃၉၀နှင့် ၀၁-၃၉၁၀၆၉ သို့လည်းကောင်း၊ Email: Info@mamtyangon.com, website: www.mamtyangon.com သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သတိ

ရန်ကုန်မြို့အတွင်း ဟွန်းမတီးရ

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီ

ကွန်ကရစ်တံတားတည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဧပြီ ၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဒူကထောင်ရပ်ကွက် ဆရာအတတ်သင်လမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်နေမှုကို မတ် ၈ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးရာ (တာဝန်ခံအင်ဂျင်နီယာ) အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဇော်ထွေးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် မြေနေရာသတ်မှတ် ပန္နက်စိုက်ထူ

ကော့ကရိတ် ဧပြီ ၂

ကော့ကရိတ်ခရိုင် လှိုင်ဝကျေးရွာ စာကြည့်တိုက် မြေနေရာသတ်မှတ်ခြင်းနှင့် ပန္နက်စိုက်ထူပွဲကို ဖေဖော်ဝါရီ ၁၉ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ ခရိုင်ပြန်/ဆက် ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မျိုးဝင်း၊ လှိုင်ဝကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းတို့က ပန္နက်ရိုက်ပေးကြသည်။ (ခရိုင်ပြန်/ဆက်)

စာကြည့်တိုက်များ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသိပညာဗဟုသုတ တိုးပွားရေး ဆောင်ရွက်နိုင်မှု ဆုပေးပွဲကို အထက(၁) အင်းစိန်၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။ အဆိုပါ အခမ်းအနား

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် အကြည်ဘန်းကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ဦးသိန်းမြင့်၊ ဦးကျော်မင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မာရီတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(၄၆၅)

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြု အကျဲကျေးရွာ အားမာန်သစ်စာကြည့်တိုက်ဖွင့်

မြစ်ကြီးနား ဧပြီ ၂

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အကျဲကျေးရွာ အားမာန်သစ် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင် လှူဒါန်းပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အားမာန်သစ်စာကြည့်တိုက်အား မြို့နယ်မှတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အားမာန်သစ်စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာမှူး ဦးသန်းဝင်းဗိုလ်က အလှူငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် အကျဲကျေးရွာ ရပ်မိ၊ ရပ်ဖ ဦးဂျန်မာယွန်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တွင် အထူးဆုရ ရွာမအနောက်ရပ်ကွက် အေးစေတီစာကြည့်တိုက်၊ တတိယဆုရ တောင်သူကုန်းရပ်ကွက် လင်းရောင်ခြည် စာကြည့်တိုက်၊ ဒုတိယဆုရ မြို့သစ်(၈) ရပ်ကွက် အမြင်သစ်စာကြည့်တိုက်နှင့် ပထမဆုရ ပိန္နဲကုန်းရပ်ကွက် စာကြည့်တိုက် ကော်မတီဝင် ဦးကိုကိုထွန်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်

မတ္တရာ ဧပြီ ၂

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးကြီးအတွင်း မီးသတ်ရေစင်နှစ်ခု၊ ရေတိုင်ငုတ် ၁၂ ခု တပ်ဆင်ထားမှုနှင့် ရေထွက်ရှိမှုအခြေအနေများကို မတ် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးဝင်းတို့က ကွင်းဆင်းကြီးကြပ် စစ်ဆေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် ဗဟိုအခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၀ ရက်က ကျင်းပရာ စတုတ္ထတန်းကျောင်းသူ မကြည်မာလာဆင့်အား ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်း သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (ပညာရေး)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦး ကျော် ဆန်း ထွန်းဖောင်ဒေးရှင်း တစ် သက် တာ စာပေဆုရ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကဆရာကြီး ဦးလှမြိုင် (ကိုဆောင်း) အား ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ရန် ကုန် တိုင်းဒေသကြီး ဝန် ကြီး ချုပ် ဦးမြင့်ဆွေ အတ္ထုပ္ပတ္တိဘာသာရပ်တွင် "သံတမန်တစ်ဦး၏ မှတ်တမ်း" စာအုပ်ဖြင့် ဆုရရှိသည့် ထွန်းဦးတင်အား ဆုပေးအပ် ချီးမြှင့်စဉ်။
(သတင်းစဉ်)

✻ **ကျောဖုံးမှ**

ပြောကြားရာ၌ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီ၏ ပဥ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၀) စာပေဆုများတွင် စီးပွားရေးဆိုင်ရာ၊ ကျန်းမာကြံ့ခိုင်ရေးဆိုင်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍစုံအတွက် စာအုပ်နှင့် စာမူဆုများ ချီးမြှင့်ထားသည်ကိုတွေ့ရပါကြောင်း၊ ယနေ့ အချိန်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ပေါ်ထွက်လာသည့် အစိုးရသစ်က ပြည်သူများအတွက် ဆောင်ရွက်ပေးမည့် အကြောင်းအရာများကို နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများတွင် ပြောကြားထားခဲ့ပြီးဖြစ်ပါကြောင်း၊ စီးပွားရေးပိုင်း၌ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေသည့် ယခုလိုအချိန်အခါမျိုးတွင် ပြည်သူလူထုအနေဖြင့် သိသင့်သိအပ်သော ဘဏ်လုပ်ငန်းဆိုင်ရာဥပဒေစာအုပ်၊ ငွေကြေးဆိုင်ရာ စာအုပ်များအား ထွန်းဖောင်ဒေးရှင်း စာပေဆုတွင် ထည့်သွင်းချီးမြှင့်ထားသည်ကို တွေ့ရှိရပါကြောင်း၊ တစ်ဖက်တွင်လည်း Globalization ဟု ခေါ်သည့် ကမ္ဘာတစ်ဝန်း တိုးတက်ပြောင်းလဲမှုအစဉ် ဖြစ်ပေါ်နေချိန်မျိုးတွင် မိမိတို့၏ အမျိုးသားစရိုက်လက္ခဏာနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာများအား ထိန်းသိမ်းမြှင့်တင်ပေးရန် အထူးလိုအပ်လျက်ရှိရာ ယဉ်ကျေးမှုနှင့် ပတ်သက်၍ မြန်မာ့ရိုးရာ ခြင်းလုံးအားကစား အကြောင်းသိကောင်းစရာ စာအုပ်မျိုးကို ဆုအဖြစ် ရွေးချယ်ထားခဲ့သည့်အတွက် တိမ်မြုပ်နေသော မြန်မာ့ရိုးရာ ခြင်းခတ်အားကစားနည်း တစ်ခုအား ပြန်လည်ဖော်ထုတ်ပေးထားသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အလားတူပင် မြန်မာ့ယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် ဖော်ထုတ်သင့်သော အစဉ်အလာ အမွေအနှစ်များကို နိုင်ငံတကာသို့ ဖော်ထုတ်ပြသနိုင်ရေး ကြိုးပမ်းသင့်ကြပါကြောင်း၊ ယခု ထွန်းဖောင်ဒေးရှင်း စာပေဆုရ စာအုပ်၊ စာမူများသည် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် များစွာ အထောက်အပံ့ပေးနိုင်သည့် စာအုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စာဖတ်သူ ပြည်သူလူထုအတွက်လည်းကောင်း လိုအပ်နေသောကွက်လပ်များကို အားဖြည့်ကူညီပေးရာ ရောက်ပါကြောင်း၊ ယခုကဲ့သို့ စာပေဆုများချီးမြှင့်ပေးခြင်းသည် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကို ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ နာယက ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်းက ထွန်းဖောင်ဒေးရှင်းစာပေဆုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီဝင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဦးမြင့်ကြွယ်က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို တင်ပြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဆရာကြီး ဦးလှမြိုင် (ကိုဆောင်း)အား ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အတ္ထုပ္ပတ္တိဘာသာရပ်တွင် "သံတမန်တစ်ဦး၏ မှတ်တမ်း"စာအုပ်ဖြင့်ဆုရရှိသည့် ထွန်းဦးတင်အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စီးပွားရေးဘာသာရပ်တွင် "ဘဏ်လုပ်ငန်းဆိုင်ရာ အထင်ပီကင်းပြန်ဝင်းကို(အင်း၀)၊ ကျန်းမာကြံ့ခိုင်ဘာသာရပ်တွင် "အခြေခံ သမားကျင့်ဝတ်နှင့် ဆေးပညာကျင့်ဝတ်ဆိုင်ရာ ဆောင်းပါးများ" စာအုပ်ဖြင့် ဆုရ ဒေါက်တာမြင့်ဦး (ဂျီပီ)၊ စီးပွားရေး (အင်္ဂလိပ်) ဘာသာရပ်တွင် " Money Matters Essays on Money and Banking" စာအုပ်ဖြင့် ဆုရ မြတ်သိန်း၊ စာပဒေသာဘာသာရပ်ဖြင့် "ခေတ်ဟောင်းတေးနှင့် အောက်မေ့ဖွယ်" စာမူဖြင့် ဆုရ စိန်သွေး၊ သမိုင်း (အင်္ဂလိပ်) ဘာသာရပ်တွင် "Revealing Myanmar's Past; An Anthology of Archaeological Articles" စာမူဖြင့် ဆုရ မြင့်အောင်၊ သမိုင်းဘာသာရပ်တွင် "ပဲခူး(ဟံသာဝတီ) တစ်ခွင်မှာ လေ့လာစရာ" စာမူဖြင့် ဆုရ မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၊ ကလေးဘာသာရပ်တွင် "အလှကိုယ်စီ ပန်းလိုသီ ကလေးကဗျာများ" စာမူဖြင့် ဆုရ မြေလတ်မောင်မြင့်သူ၊ ယဉ်ကျေးမှုဘာသာရပ်တွင် "ရသစုံလင် အမြင့်သဘင်" စာမူဖြင့် ဆုရ ရန်ကုန်ဌေးဇော်၊ ရှေးဟောင်းကျမ်းဘာသာရပ်တွင် "ယိုးဒယားနိုင်မော်ကွန်း (လက်ဝဲနော်ရထာ)" စာမူဖြင့် ဆုရ ဒေါက်တာရီရီခင်နှင့် စီးပွားရေးဘာသာရပ်တွင် "ရွှေအကြောင်း သိကောင်းစရာများ" စာမူဖြင့် ဆုရ ကိုမော်(အောင်သမာဓိ)တို့အား ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ နာယက ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်း စာပေဆု ကော်မတီနာယက ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်း က ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီသို့ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ ဆုရွေးချယ်ရေး ကော်မတီဝင် ဒေါ်မြမြသန်း(မနှင်းဖွေး) က လက်ခံသည်။

အခမ်းအနားအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မြေညီထပ်၌ ခင်းကျင်းပြသထားသည့်ပဥ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀) စာပေဆုရ စာအုပ်များ၊ ဆုရစာမူများနှင့် ထွန်းဖောင်ဒေးရှင်းဘဏ်မှ ထုတ်ဝေသည့် စာအုပ်များကို ကြည့်ရှုအားပေးကြသည်။

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းလာရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် ထွန်းဖောင်ဒေးရှင်း စာမူများပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေနှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများကို နှစ်စဉ် ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ အမျိုးသားစာပေဆု ၁၄ ဆုချီးမြှင့်ပြီး စာပေဗိမာန်စာမူဆု အတွက်လည်း အမျိုးအစား ၁၂ မျိုးကို တစ်မျိုးလျှင် ပထမ၊ ဒုတိယနှင့် တတိယဟူ၍ ခွဲခြား ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း စာပေလောကနှင့် လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဆု၊ စာမူဆုများ ပိုမိုချီးမြှင့်ပေးရန် များစွာလိုအပ်လျက် ရှိနေသေးပါကြောင်း၊ ယင်းသို့သော အချိန်အခါမျိုးတွင် ပခုက္ကူဦးအုန်းဖေစာပေဆု၊ သုတစွယ်စုံ စာပေဆုနှင့် ဆရာဝန်တင်ရွှေ စာပေဆုများ နှစ်စဉ်ကျင်းပ ချီးမြှင့်ပေးနေကြခြင်း၊ ယခုထွန်းဖောင်ဒေးရှင်းက ထွန်းဖောင်ဒေးရှင်းစာပေဆုများအား ပဥ္စမအကြိမ်အထိ ချီးမြှင့်နိုင်ခဲ့ခြင်းတို့မှာ စာပေကရ စီရင်ထုံးဥပဒေ၊ ပြဋ္ဌာန်း ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လိမ်လည်မှုများ" စာအုပ်ဖြင့် ဆုရ မောင်လှသောင်း (ဘဏ်)၊ စာပဒေသာ ဘာသာရပ်တွင် "ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန့်လက်အောက်ရောက်ခဲ့စဉ်" စာအုပ်ဖြင့် ဆုရ ပြည့်စုံ (သွေးသောက်)၊ ရည်ညွှန်းကျမ်းစာအုပ်တွင် "ပို့ကုန်သွင်းကုန်လုပ်ငန်း အသုံးအနှုန်းများ" စာအုပ်ဖြင့် ဆုရ မောင်ရေအေး (ဟားဗတ်တက္ကသိုလ်)၊ ရှေးဟောင်းကျမ်းဘာသာရပ်တွင် "ကုန်းဘောင်ခေတ်ဘုရင်များ မုဒ္ဒါဘိသိက်ခံယူပုံ (စာပေါင်းချုပ်)" စာအုပ်ဖြင့် ဆုရ ထွန်းရီ (ရှေးဟောင်းသုတေသီ)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဘာသာရပ်တွင် "ဥတုရာသီပြောင်းခဲ့ပြီ" စာအုပ်ဖြင့် ဆုရ ကျော်ဦး၊ ယဉ်ကျေးမှုဘာသာရပ်တွင် "မြန်မာ့ရိုးရာ ခြင်းလုံးအားကစားအကြောင်း သိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့် ခြင်းလုံးခတ်လေ့ကျင့်နည်းများ" စာအုပ်ဖြင့် ဆုရ

ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ နာယက ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်း နှုတ်ခွန်းဆက်စကားပြောကြားစဉ်။
(သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီနာယက ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်း စာပဒေသာဘာသာရပ်တွင်"ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန့်လက်အောက်ရောက်ခဲ့စဉ်" စာအုပ်ဖြင့် ဆုရရှိသည့် ပြည့်စုံ (သွေးသောက်)အား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်တွင်"ဥတုရာသီပြောင်းခဲ့ပြီ" စာအုပ်ဖြင့် ဆုရရှိသည့် ကျော်ဦးအား တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်း စာပေကော်မ...
ဦးသက်ထွန်း ထွန်းဖောင်ဒေးရှင်းစာပေ...
စဉ်။

လယ်ယာသန်းခေါင်စာရင်း...
သိန်းနီမြို့နယ်၌ ကွ...

နေပြည်တော်

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် ...
ပိန်းဆာကျေးရွာ၌ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ...
ယူခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေမျ...
ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး...
နိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်...
ညွှန်ကြားရေးမှူး ဦးတာလွင် တို့အဖွဲ့သည် ...
ခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ အတ္တုပ္ပတ္တိဘာသာရပ်တွင် "သံတမန်တစ်ဦး၏ မှတ်တမ်း" စာအုပ်ဖြင့် ဆုရရှိသည့် ထွန်းဦးတင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

စာပေဆုကို ၂၀၀၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်၊ စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့သည်။

ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တစ်သက်တာ စာပေဆုနှင့် မြန်မာစာအုပ်ဆု ရှစ်ဆု၊ မြန်မာစာမူဆု ခြောက်ဆု၊ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ဆု တစ်ဆုနှင့် စာမူဆု တစ်ဆု စုစုပေါင်း ၁၇ ဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထွန်းဖောင်ဒေးရှင်းသည် စာပေယဉ်ကျေးမှုလုပ်ငန်းဖြစ်သည့် စာပေထုတ်ဝေရေးနှင့် စာပေဆု၊ စာမူဆု ရွေးချယ်ချီးမြှင့်ရေး လုပ်ငန်းများ သာမက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ထောက်ကူမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးဖွံ့ဖြိုးမှု အထောက်အပံ့ဆိုင်ရာလုပ်ငန်းအဖြစ် တက္ကသိုလ်ဝင်တန်းအောင်ပြီး ပညာရည်ထူးချွန်သူ၊ ငွေကြေးချို့တဲ့သူများအတွက် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးဆုများ ကိုလည်း နှစ်စဉ် စိစစ်ရွေးချယ် ထောက်ပံ့လျက်ရှိသည်။

ယင်းသို့ ချီးမြှင့်ရာတွင် ပညာသင်နှစ်အလိုက် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် အပါအဝင် တက္ကသိုလ်၊ ကောလိပ် ခုနစ်ခုတို့မှ ကျောင်းသား၊ ကျောင်းသူ ၄၈ ဦးအား နှစ်စဉ် စိစစ်ရွေးချယ်ပြီး ဆုချီးမြှင့်ခဲ့သည်။ ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၂၄၈ ဦးအား စုစုပေါင်း ငွေကျပ် သိန်း ၁၈၀၀ ကျော် ထောက်ပံ့ပေးပြီးဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင်လည်း အခမဲ့နယ်လှည့် ကျန်းမာရေးဆေးကုသမှုလုပ်ငန်းစီမံကိန်း (Tun Foundation Health Care Project) ဖွဲ့စည်းလျက် နယ်မြေဒေသ ငါးခုသို့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ခုတင် (၂၀၀)ဆံ့ စီမံကိန်း (Tun Foundation Nonprofit Hospital) တည်ဆောက်ရေးအတွက် စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်၊ ကောလိပ်များ၌ တက်ရောက်ပညာသင်ယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ စာပေမြတ်နိုးသူများ၊ ကျမ်းပြုလိုသူများအတွက် References စာကြည့်တိုက်ဖြစ်လာစေရန် ရည်ရွယ်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဝိစာရလမ်း အမှတ်(၂၂၄-ဘီ) ၌ ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ် ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိရာ မြန်မာစာအုပ်ပေါင်း ၃၇၄၈ အုပ်၊ အင်္ဂလိပ် စာအုပ်ပေါင်း ၂၈၉၀၁ အုပ် စုစုပေါင်း ၃၂၆၄၉ အုပ် ရှိသည်။

ထွန်းဖောင်ဒေးရှင်းသည် မြန်မာ့ပန်းချီအနုပညာများ ဖွံ့ဖြိုးရေးအတွက် ထွန်းဖောင်ဒေးရှင်း ပန်းချီပြိုင်ပွဲကို တတိယအကြိမ်မြောက် ပြုလုပ်နိုင်ခဲ့ပြီး ပန်းချီအနုပညာရှင်များအား ဆုများ ထိုက်ထိုက်တန်တန်ချီးမြှင့်ခဲ့သည်။

ထို့အပြင် ထွန်းဖောင်ဒေးရှင်းသည် ဘာသာရေး၊ သာသနာရေးကိုလည်း ထောက်ပံ့ကူညီမှုများ ပေးလျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ် စီးပွားရေးဘာသာရပ်တွင်"ဘဏ်လုပ်ငန်းဆိုင်ရာ အထင်ကရ စီရင်ထုံးဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လိမ်လည်မှုများ" စာအုပ်ဖြင့် ဆုရရှိသည့် မောင်လှသောင်း(ဘဏ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မြေညီထပ်၌ ခင်းကျင်းပြသထားသည့်ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀) စာပေဆုရ စာအုပ်များ၊ ဆုရစာမူများနှင့် ထွန်းဖောင်ဒေးရှင်းဘဏ်မှ ထုတ်ဝေသည့် စာအုပ်များကို ကြည့်ရှုအားပေးကြသည်။

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းလာရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် ထွန်းဖောင်ဒေးရှင်း

ထွန်းဖောင်ဒေးရှင်း စာပေကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း ထွန်းဖောင်ဒေးရှင်းစာပေဆုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း သိန်းနီမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် သိန်းနီမြို့နယ် ပိန်းဆာကျေးရွာအုပ်စု ပိန်းဆာကျေးရွာ၌ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လားရှိုးခရိုင် ခရိုင်မြေစာရင်း ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်း နှင့် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း စီမံကိန်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတာလွင် တို့အဖွဲ့သည် မတ် ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဗုဒ္ဓမြတ်စွာရတနာ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၀)**
- ၈း၄၅ April Music Show(Part-2)
- ၉း၃၀ Sunday Talk (အတ္တကျော်၊ မျိုးမြတ်သူ)
- ၁၀း၀၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၇) (သွေးကင်ဆာ)
- ၁၀း၃၀ ခါသကြွန်အဆိုအကများ
- ၁၀း၄၀ ဗီဒီယိုပြခန်း
- ၁၁း၀၀ ဈေးဝယ်လမ်းညွှန် (925 မော်ပဝါ)
- ၁၁း၂၀ MISS EUSHIDO 2011 ၏ အလှဘုရင်မရွေးချယ်ပွဲကြီး
- ၁၁း၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ အေဝမ်းတင်တင်လှ)
- ၁၂း၀၅ တော်ဝင်ပလာဇာမှ စုပေါင်းဈေးရောင်းပွဲတော်
- ၁၂း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Kenebo 10th Aniversary Time Show)
- ၁၂း၃၅ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
- ၁း၀၀ "ဗုဒ္ဓမြတ်စွာရတနာ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (လွမ်းတတ်တာကောင်းတယ်၊ မလွမ်းတတ်တာကောင်းတယ်)
- ၃း၂၅ ခါသကြွန်အဆိုအကများ
- ၃း၃၅ အနာဂတ်ဘဝလှပကြသူများ၏ RV! Students Gathering Day
- ၃း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၀)**
- ၄း၄၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၅း၁၀ သွားမယ်စားမယ် (MYA SABEI)
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၅)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၃)**
- ၇း၁၅ April Music Show(Part-3)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Kid's Show
- ၉း၀၀ ပန်းချီပြခန်း (ဟသ်ာပန်းချီပြခန်း၏ ၁၀နှစ်မြောက်နှစ်ပတ်လည်ပြပွဲ)
- ၉း၂၅ Barclays Premier League (Man City Vs Sunderland)
- ၁၁း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၁)**
- ၁၂း၁၀ ခါသကြွန်အဆိုအကများ
- ၁၂း၂၀ နှုယဉ်ဆန်းထွင် သစ်သီးအလှဆင် (အရုံပင်းလျှာအလှဆင်နည်း)
- ၁၂း၄၅ မှတ်မှတ်ရရရှိစေဖို့ (ကယားဒေသပင်းထုပ်)
- ၁၂း၅၀ ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင်
- ၁း၁၅ တော်ဝင်အလှတို့ ဖန်တီးဖြစ်တည်ရာ
- ၁း၂၅ လှပချစ်စရာ လက်မှုအနုပညာ (Sweet Pink)
- ၁း၅၀ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
- ၂း၀၀ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ (ဒေါက်တာချာလီသန်း၊ မောင်ကြင်နာ၊ ထွန်းနေစိုး)
- ၂း၄၅ ရွှေနန်းဆန်ဆန်ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
- ၃း၁၀ Celebrity Profile (Lee Byaung Hun)
- ၃း၅၀ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ဖရုံသခွားစိုက်ပျိုးနည်း)
- ၄း၁၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၄း၃၀ လောကကိုအလှဆင်မည့် ပန်းများရဲ့ဥယျာဉ်
- ၄း၅၀ ရွှေကျင်မြေတွင် တည်ထားပူဇော် ဆံတော်ရှင်အရှေ့ မဟာဗုဒ္ဓဘုရားကြီး (ခေါ်)မွေတော်မွန်ဓရာဇ် စေတီတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၅၅	Fulham	-	Blackpool	ESPN (Live)
၉း၂၅	Man City	-	Sunderland	ESPN (Live)

နိုင်ငံတကာအားကစားသတင်းများ

မန်ယူအသင်း အဝေးကွင်းနိုင်ပွဲရပြီး ချန်ပီယံလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်း

လန်ဒန် ဧပြီ ၂

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၃၁)၏ အစောပိုင်းပွဲစဉ်အဖြစ် ဝက်စ်ဟမ်းနှင့် မန်ယူတို့ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ပါဝင်ကစား

အိမ်ရှင် ဝက်စ်ဟမ်းအသင်းတွင် ရောဘတ်ဂရင်း၊ အပ်ဆင်၊ ကော့စတာ၊ ဝိန်းဘရက်ချ်၊ အိုနေးလ်၊ စကော့ပါကာ၊ မာ့ခ်နိုဗယ်၊ ကာတန်ကိုး စသည့် အမာခံကစားသမားများ ပါဝင်လာခဲ့ပြီး မန်ယူအသင်း၏ ပထမပွဲထွက်လူစာရင်းတွင် ဗီဒစ်၊ အီဗရာ၊ စမောလင်း၊ ဖေဘီယို၊ ပက်ဂျီဆန်၊ ဂစ်၊ မိုက်ကယ်ကာရက်၊ ဂစ်ဘ်ဆင်၊ ဗလင်စီယာနှင့် ဝိန်းရွန်နေးတို့ ပါဝင်ကစားခဲ့သည်။

ဦးဆောင်နိုင်

ပွဲစသည်နှင့် နှစ်သင်းလုံး တိုက်စစ်ဖွင့်ကစားခဲ့ခြင်းကြောင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ တိုက်စစ်ဆင်မှုတွင် မန်ယူအသင်းက အားသာခဲ့သော်လည်း ပွဲကစားချိန် ၁၁ မိနစ်အရောက်တွင် ဝက်စ်ဟမ်းတိုက်စစ်မှူး ကာတန်ကိုး ဘောလုံးယူမှုကို အီဗရာ လက်ဖြင့်တားသလိုဖြစ်ခဲ့ခြင်းကြောင့် ပယ်နယ်တီပေးလိုက်ရသည်။ ယင်းပယ်နယ်တီဘောကို မာ့ခ်နိုဗယ်က အမှားအယွင်းမရှိ ကန်သွင်းနိုင်ခဲ့၍ ဝက်စ်ဟမ်း ဦးဆောင်ဂိုးရခဲ့သည်။ တစ်ဂိုးရှုံးနေသည့် မန်ယူသည် ချေပဂိုး ပြန်လည်ရရှိရေး ကြိုးစားခဲ့သော်လည်း ပွဲချိန် ၂၅ မိနစ်တွင် ကာတန်ကိုးကို ဗီဒစ်ဖျက်ထုတ်တာကြမ်းခဲ့၍ ဒုတိယအကြိမ် ပယ်နယ်တီ ထပ်မံပေးလိုက်ရသည်။

ယင်းပယ်နယ်တီကို မာ့ခ်နိုဗယ်ကပင် လှလှပပကန်သွင်းပြီး ဝက်စ်ဟမ်းအတွက် ဒုတိယဂိုး ရယူနိုင်ခဲ့သည်။ မန်ယူအသင်းသည် ဂစ်၊ ပက်ဂျီဆန်၊ ဗလင်စီယာ၊ ဝိန်းရွန်နေးတို့၏ တွဲလုံးများဖြင့် ဂိုးရယူနိုင်ရေး အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ဝက်စ်ဟမ်းနောက်ခံကစားသမားများ ဖြစ်သည့် အပ်ဆင်နှင့် ကော့စတာတို့ အကောင်းဆုံး ဖျက်ထုတ်နိုင်ခဲ့၍ ပထမပိုင်းကို အိမ်ရှင်ဝက်စ်ဟမ်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်လျှောက်လှမ်း

ဒုတိယပိုင်းတွင် မန်ယူအသင်း ချေပဂိုးနှင့် အနိုင်ဂိုးများရရှိရေးအတွက် တရစပ်တိုက်စစ်ဆင်လာခဲ့ခြင်းကြောင့် ပွဲချိန် ၆၅ မိနစ်တွင် ပြစ်ဒဏ်ဘောကန်ခွင့်ရခဲ့ရာ ဝိန်းရွန်နေးက ဂိုးသမား၏ဘယ်ဘက်ထောင့်ထဲသို့ လှလှပပကန်သွင်းပြီး ချေပဂိုး တစ်ဂိုးရခဲ့သည်။

မန်ယူအသင်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန် ၇၃ မိနစ်တွင် ဝိန်းရွန်နေးကပင် ဂိုးဧရိယာအတွင်းက အပြင်းကန်သွင်းယူခဲ့သည်။ မန်ယူအတွက် တတိယဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ဝိန်းရွန်နေး(ပယ်နယ်တီ)၊ စတုတ္ထဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် ဟာနန်ဒက်ဇ်တို့က သွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် မန်ယူက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရသွားသည်။ မန်ယူအသင်း ယခုပွဲ အနိုင်ရခဲ့ခြင်းကြောင့် ပရီမီယာလိဂ် ချန်ပီယံလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အင်တာနက်။

ဟန်သစ်



မန်ယူအသင်းအတွက် ဟက်ထရစ်ဂိုးသွင်းပေးခဲ့သည့် ဝိန်းရွန်နေး။

အခြားပွဲစဉ်ရလဒ်များ

ဝက်စ်ဘရွန်း	၂-၁	လီဗာပူး
ဝီဂန်	၀-၀	စပါး
ဘာမင်ဂမ်	၂-၁	ဘော်လ်တန်
စတုတ်စီးတီး	၁-၁	ချယ်လ်ဆီး
နယူးကာဆယ်	၄-၁	ဝုလ်ဗာဟမ်တန်
အဲဗာတန်	၂-၂	ဗီလာ
အာဆင်နယ်	၀-၀	ဘလက်ဘန်း

အင်တာနက်။

(၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနှင့် လားရှိုးမြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တက်ရောက်

နေပြည်တော် ဧပြီ ၂

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် မတ် ၂၇ ရက်တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသော (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဂုဏ်ပြုတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြု၍ သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းမှူးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသော အရာရှိ၊ စစ်သည်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးကျူးဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်ရရှိခဲ့သော အငြိမ်းစားစစ်သည်တစ်ဦးအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့၌ ကျင်းပသည့် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူများက လမ်းသစ်ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းသစ်ဖွင့်ပွဲ မုခ်ဦးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄/၃)ရပ်ကွက် ယင်းမာလမ်းနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးခင်မောင်ကြီး(ပါရမီ)-ဇနီးဒေါ်ပပဝင်း မိသားစုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အထွေထွေပဒေသာပင်တို့အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

Hospitality Management & Operation Course ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် Hospitality Operation & Service Course သင်တန်းအပတ်စဉ်အသစ်ကို ဧပြီလ ပထမပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

International Hospitality Management Course သင်တန်းတွင် HND-BETEC (UK) နှင့် Institute of AH & LA (USA)မှ သတ်မှတ်ထားသော Course Guide Line များကို အခြေခံပြီး နိုင်ငံတကာ ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ (1) Leadership & People Management, (2) Human Resources Management, (3) Sale & Marketing Management, (4) Front Office Management, (5) Food & Beverage Management, (6) Housekeeping Management စသည့် ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးလကြာမြင့်မည်ဖြစ်သည်။

Hospitality Operation & Service Course သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်နေစဉ်အတွင်း လုပ်ငန်းအတွေ့အကြုံများရရှိစေရန် Local ဟိုတယ်ကြီးများသို့ On Job Training (OJT) အနေဖြင့် တာဝန်ထမ်းဆောင်နိုင်သော အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၁၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃ နှင့် ၅၂၃၂၀၀ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ ခါသကြိန်အဆိုအကများ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၄။ အဖွင့်သီချင်း
၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၄၄)**
၁၁း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဖြူရောင်မြစ်တစ်စင်းရဲ့ လျှို့ဝှက်ချက်**
၁၂း၃၀ ၈။ ကျန်းမာသုတ
၁၂း၄၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၅၅)**
၁း၄၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၁း၄၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၇။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၈။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄း၄၀ ၉။ မြန်မာ့ရှုခင်း
၄း၅၀ ၁၀။ အားလုံးရဲ့တာဝန်
၅း၁၅ ၁၁။ ခါသကြိန်အဆိုအကများ
၅း၃၀ ၁၂။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ ဘဝကြေးမုံ
၆း၅၀ ၁၆။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၈)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ပဟေဠိနန်းတော်
၂၃။ ကျန်းမာသုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၁၉)**
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၄၂)**
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် Yangon Lifestyle Furniture 2011 ပြပွဲတွင် ပါဝင်ပြသသော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအား ဂုဏ်ပြုဆုနှင့် ပြခန်းဆုများ ပေးအပ်ပွဲကို မတ် ၂၇ ရက်က တပ်မတော်ခန်းမ၌ ကျင်းပရာ Award of Hornour ဂုဏ်ပြုဆုရရှိသည့် မြန်မာ့သစ်လုပ်ငန်းအား မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးလင်းဝင်း ဆုပေးအပ်စဉ်။ (မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း)

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် မြေယာရှုခင်းအလှနှင့် ပန်းခြံတည်ဆောက်နေမှုကို မတ် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့်အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခရမ်းမြို့ မြို့မဈေးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုကို မတ် ၂၃ ရက်က အမှုဆောင်အရာရှိနှင့် မီးသတ်ဦးစီးဌာနမှူးတို့ ကြီးကြပ်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးဝင်း တက်ရောက်အားပေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးဆောင်ရွက်လျက်ရှိသည့် ရေထွက်ဦး ရေထွက်ရေကန်အတွင်း ရေပေးရေးလုပ်သားများ စုပေါင်း၍ ရေညှိ၊ ရေမှော်များ ဆယ်ယူရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ရေစင်ဆောင်ရွက်ထားရှိမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကုန်သည်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲကို မတ် ၁၇ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

Globalization ဟုခေါ်သည့် ကမ္ဘာတစ်ဝန်း တိုးတက်ပြောင်းလဲမှု အစဉ်ဖြစ်ပေါ်နေချိန်မျိုးတွင် မိမိတို့၏အမျိုးသားစရိုက်လက္ခဏာနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာများအား ထိန်းသိမ်းမြှင့်တင်ပေးရန် အထူးလိုအပ် ယခုကဲ့သို့ စာပေဆုများချီးမြှင့်ပေးခြင်းသည် အမျိုးသားရေးတာဝန်ကိုပါ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၀) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂

ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၀)စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်အားပေးချီးမြှင့်ပြီး ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူများအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌနှင့် စာပေဆုကော်မတီဝင်များ၊ စာပေဆုရွေးချယ်ရေး ကော်မတီဝင်များ၊ ဆရာဝန်တင်ရွှေ စာပေဆုနှင့် သုတစွယ်စုံစာပေဆု အဖွဲ့ဝင်များ၊ စာပေဆုရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကား

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻